# ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

‘( ခ ) **မြစ်** ဆိုသည်မှာ ချောင်းများစီးဝင်ရာမှ ဖြစ်ပေါ်လာသော သဘာဝရေစီးကြောင်းကို ဆိုသည်။

( ဂ ) **ချောင်း** ဆိုသည်မှာ သဘာဝရေအရင်းအမြစ်များစုစည်း၍ တစ်နေရာမှတစ်နေရာ သို့ စီးဆင်းသော ရေစီးကြောင်းကိုဆိုသည်။’

( ခ ) ပုဒ်မခွဲ (စ) တွင်ပါရှိသော ‘သို့ရာတွင်ကုန်းနှင့် တစ်ဆက်တည်းတည်ရှိသော ကျွန်းများ မပါဝင်’ ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

( ဂ ) ပုဒ်မခွဲ (ဌ) တွင်ပါရှိသော ‘မြစ်ချောင်းများပြုပြင်ထိန်းသိမ်းရန်’ ဆိုသည့်စကားရပ်၏ နောက်တွင် ‘နှင့် ဖွံ့ဖြိုးတိုးတက်စေရန်’ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (ဌ) ၏ နောက်တွင် ပုဒ်မခွဲ (ဌ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

‘(ဌ-၁) **ကမ်းထိန်းအဆောက်အအုံ** ဆိုသည်မှာ မြစ်ချောင်းများ၏ ကမ်းပါးနယ်များ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန်သော်လည်းကောင်း၊ ကမ်းပါးတည်ငြိမ်မှု ရှိရေးအတွက်သော်လည်းကောင်း တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။’

( င ) ပုဒ်မခွဲ (ဍ) ၏ နောက်တွင် ပုဒ်မခွဲ (ဎ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ပြီး မူလ ပုဒ်မခွဲ (ဎ) ကို ပုဒ်မခွဲ (ဏ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်-

‘( ဎ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။’

( စ ) ပုဒ်မခွဲ (ဎ) တွင်ပါရှိသော ‘ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ’ ဆိုသည့်စကားရပ်ကို ‘ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန’ ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေတွင် ပါရှိသော ‘ပို့ဆောင်ရေးဝန်ကြီးဌာန’ ဆိုသည့်စကားရပ်ကို ‘ဝန်ကြီးဌာန’ ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

‘(င) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများသတ်မှတ်ခြင်း။’

၅။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၅ တွင်-

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

‘(ဃ) မြို့များအလိုက် စိုးရိမ်ရေမှတ်များ သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။’

(ခ) ပုဒ်မခွဲ (ဓ) တွင်ပါရှိသော ‘ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက်’ ဆိုသည့်စကားရပ်၏ ရှေ့တွင် ‘ မြစ်ချောင်းများတွင် ’ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ဋ) ၏ နောက်တွင် ပုဒ်မခွဲ (ဋ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

‘(ဋ-၁) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ်တူးဖော်ခွင့်ပြုရန် လျှောက်ထားချက်ကိုစိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။’

(ဃ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

‘(ဎ) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752572